# ငါဘယ်သူလဲ

စုံထောက်ပြဇာတ်တွေ ခေတ်ကောင်းစဉ်က ..... ဇာတ်အဖွဲ့တစ်ဖွဲ့က စုံထောက်ဇာတ်လမ်းတစ်ပုဒ်ကပါတယ်။ စုံထောက်ဇာတ်လမ်းတို့ ထုံးစံအတိုင်း ခေါင်းစွပ် မျက်နှာဖုံးတွေစွပ်ပြီး [မျက်လုံးနဲ့ပါးစပ် ပေါက်တင် ဖောက်ထားတဲ့] ဂိုဏ်းခေါင်းဆောင်လုပ်ရတဲ့ ပုဂ္ဂိုလ်က အသံ ဖျက်ပြီး .....

"နံပါတ် ၄ ကိုယ့်အဖြစ်ကိုယ် သိတယ်မဟုတ်လား .... "

"သိ .....သိပါတယ် ဆရာကြီး ..... ဆရာကြီးရဲ့ မျက်နှာအစစ်ကို မြင်သွားလို့ပါ" .....

"သိရင် ဂိုဏ်းရဲ့ ထုံးစံအတိုင်းလုပ်" ဆိုတော့ လူဆိုးက သူ့ကိုယ်သူ သေနတ်နဲ့ပစ်ပြီး အဆုံးစီရင်သွားပါရော အဲဒီမှာ ခေါင်းဆောင်ကြီးက .....

"ဟား ဟား ဟား ငါဘယ်သူလဲဆိုတာ သိသွားတဲ့နံပါတ် ၄ ရဲ့ လမ်းကိုလိုက်ချင်ရင် .... ငါဘယ်သူလဲဆိုတာ စုံစမ်းကြ ဟား ဟား ဟား .... ငါ့ မျက်နှာကို မြင်ရဖို့ အနည်းဆုံး အသက်တစ်ချောင်းပေးရမယ်ကွ ဟား ဟား ဟား ..... " ဆိုတော့ ဇာတ်စင်ရှေ့က ကလေးတွေက ခေါင်းဆောင်လုပ်သူကို သားရေကွင်းနဲ့ပစ်ပါလေရော .....ကလေးတွေဆိုတော့ လူကြမ်းဆိုရင် မုန်းနေတာကိုး ..... ဆရာကြီးလည်း ပထမတစ်ချက် နှစ်ချက်တော့ သည်းခံပါသေးတယ် .... ဇာတ်လမ်းကလည်းပြီးဖို့ ဆယ်ခန်းလောက် ကျန်သေးတာကိုး .... စုံထောက်ဇာတ်လမ်းတို့ ထုံးစံအတိုင်း ဇာတ်သိမ်းမှ မျက်နှာဖုံးချွတ်ပြတော့ .... ပရိသတ်မထင်မှတ်တဲ့သူဖြစ်ရမှာကိုး .... ဒါပေမဲ့ ရှေ့က ကလေးတွေကလည်း သူ ထွက်လာရင် သားရေကွင်းမိုးရွာတော့တာပဲ ....တစ်ခါတော့ ပြောနေရင်း မျက်လုံးအပေါက်တည့်တည့်ကို ဝင်မှန်သွားတော့ ..... ဖျဉ်းကနဲဆို ဒေါသထွက်ပြီး .... ခေါင်းစွပ်ကို ဆွဲချွတ်ရင်း....

"ပွဲတော်ကို အုပ်ချုပ်တဲ့ ကော်မတီများခင်ဗျား ရှေ့ဆုံးက ကလေးတွေကို ထိန်းပေးကြပါဦး၊ ဇာတ်လမ်းက အထွတ်အထိပ်ရောက်နေပါပြီ။ ဒီလိုဆို ကျွန်တော်တို့ ဘယ်လိုလုပ်ကရတော့မှာလဲ .... ? လျှို့ဝှက်ခေါင်းဆောင်ကို ဖော်ထုတ်ဖို့ရာ တစ်ခန်းပဲလိုပါတော့တယ် ...." လို့ စိတ်ဆိုးမာန်ဆိုးပြောရင်း သူ့ကိုယ်သူပြန်သတိရပြီး အာမေဋိတ် စကားတစ်ခွန်း ထွက်သွားပါတယ် .....

"ဟောဗျ ..... ပေါ်သွားပြီ ....."

◆